# လက်နက် (ယာယီ)ပြင်ဆင်ချက်အက်ဥပဒေ

# THE ARMS (TEMPORARY AMENDMENT) ACT

**[ ACT LI, 1951.] (27th October, 1951.)**

# လက်နက် (ယာယီ)ပြင်ဆင်ချက်အက်ဥပဒေ

**THE ARMS (TEMPORARY AMENDMENT) ACT**

**[ ACT LI, 1951.] (27th October, 1951.)**

ပုဒ်မ ၁။ အာဏာတည်သည့်နေ့ရက်

ဤအက်ဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် အာဏာတည်ခြင်းမှ ရပ်စဲစေရမည်ဟု မထုတ်ပြန်မချင်း ၂၇-၁၀-၁၉၅၁ ရက်နေ့မှစ၍ အာဏာတည်လျက်ရှိသည်။ (ပုဒ်မ၁)ထိုစဉ်က ယာယီအဖြစ် ပြင်ဆင်ပြဋ္ဌာန်းခဲ့သော်လည်း ယင်းပြင်ဆင်ချက်ကို ရပ်စဲခြင်းမရှိသေးသဖြင့် ယနေ့တိုင် အာဏာတည်လျက်ရှိသည်။

**အာဏာတည်သည့်နေ့ရက်**

ပုဒ်မ ၂။ ပုဒ်မ ၁၉-က ပြင်ဆင်ဖြည့်စွက်ချက်သည် လက်နက်အက်ဥပဒေ အာဏာတည်သမျှ သက်ဆိုင်ခြင်း

ဤ ၁၉၅၁ ခုနှစ် လက်နက်များ (ယာယီပြင်ဆင်ချက်)အက်ဥပဒေ အာဏာတည်ရှိနေသမျှ လက်နက်များ အက်ဥပဒေပုဒ်မ ၁၉ နောက်တွင် ပုဒ်မ ၁၉-က အဖြစ် နိုင်ငံတော် ပုန်ကန်မှုကျူးလွန်ရန်အကြံဖြင့် သေနတ် လက်နက်ကြီးများ၊ ပေါက်ကွဲပစ္စည်းများ၊ လက်ဝယ်ထားရှိမှုအတွက် ပြစ်မှုနှင့် ပြစ်ဒဏ် ကို ဖြည့်စွက်ထားခြင်းဖြစ်သည်။

**နိုင်ငံတော်ပုန်ကန်မှုကျူးလွန်ရန်အကြံဖြင့် သေနတ် လက်နက်ကြီးများ ပေါက်ကွဲပစ္စည်းများနှင့် ကျည်များ လက်ဝယ်ထားရှိမှုအတွက်ပြစ်ဒဏ်**

ပုဒ်မ ၁၉-က။ မည်သူမဆို နိုင်ငံတော်ပုန်ကန်မှုကျူးလွန်ရန် အကြံဖြင့် အောက်ဖော်ပြပါ လက်နက်ခဲယမ်းမီးကျောက် (သို့မဟုတ်) စစ်ပစ္စည်းများကို ပုဒ်မ ၁၃၊ ၁၄ (သို့မဟုတ်) ၁၅ ပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ လက်ဝယ်ထားလျှင် (သို့မဟုတ်) မိမိကြီးကြပ်မှု အောက်ထားလျှင် အလုပ်ကြမ်းနှင့် ၃ နှစ်ထက်မနည်း၊ ၇ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ခြင်းခံရမည်-

(၁) အောက်ပါကဲ့သို့သော လက်နက်ငယ်များ-

(က) ရိုင်ဖယ်

(ခ ) လိုက်အော်တိုမက်တစ်စတင်းဂန်း၊ ဘရင်းဂန်း၊ တော်မီဂန်း။

ဘရောင်းနင်း၊ အမေရိကန်ကာဘိုင်

(၂) လိုက်မရှင်းဂန်း သို့မဟုတ် ၎င်း၏ ခဲယမ်းမီးကျောက်ကျည်များ

(၃) မော်တာ သို့မဟုတ် မော်တာကျည်များ

(၄) ဗစ်ကာမက်ရှင်းဂန်း၊ ဘရောင်းနင်းမက်ရှင်းဂန်း၊ ကီဆာမက်ရှင်းဂန်း၊ ဂျပန်ဟက်ဗီးမက်ရှင်းဂန်း၊ တင့်ကားဖျက်လက်နက်၊ မြေပြင် ပစ်အမြောက်အမျိုးမျိုး၊ လေယာဉ်ပစ်သေနတ်၊ လေယာဉ်ပစ် အမြောက်ကဲ့သို့သော စစ်လက်နက်ကြီးများ သို့မဟုတ် ၎င်းတို့၏ ခဲယမ်းမီးကျောက်ကျည်များ

(၅) စနက်တန်ပါ လက်ပစ်ဗုံး (Live hand grenade)

(၆) စနက်တန်ပါ ရိုင်ဖယ်လက်ပစ်ဗုံး (Live rifle grenade)

(၇) စနက်တန်ပါ မော်တာလက်ပစ်ဗုံး (Live mortor Bomb)

(၈) ဖောက်ခွဲဖျက်ဆီးသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ (Demolition Explosives) သို့မဟုတ် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော အခြားလက်နက်၊ ခဲယမ်းမီးကျောက်များ

**ခြွင်းချက်**

အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဖော်ပြပါ လက်နက်ခဲယမ်းမီးကျောက်၊ စစ်ပစ္စည်းများကို ကိုင်တွယ်သွားလာခြင်း၊ လက်ရှိထားခြင်း၊ မိမိကြီးကြပ်မှုအောက်ထားခြင်းကိုတွေ့ရှိ၍ စွဲဆိုသော ပြစ်မှုတွင်နိုင်ငံတော် ပုန်ကန်မှုကျူးလွန်ရန် အကြံမရှိကြောင်း သက်သေထင်ရှားမပြနိုင်သူကို နိုင်ငံတော်ပုန်ကန်မှုကျူးလွန်ရန် အကြံရှိသည်ဟုမှတ်ယူရမည်။

**မှတ်ချက်**

(၁) ပုဒ်မ ၁၉-က ကို လက်နက် (ယာယီပြင်ဆင်ချက်) အက်ဥပဒေ (အမှတ် ၅၁/၁၉၅၁)ဖြင့် ဖြည့်စွက်ထားသည့်အတိုင်း ထည့်သွင်းဖော်ပြထားပါသည်။

(၂) လက်နက် (ယာယီပြင်ဆင်ချက်) အက်ဥပဒေ (အမှတ် ၅၁/၁၉၅၁)၏ ပုဒ်မ ၁၉-က တွင်ပါရှိသော " ထောင်ဒဏ် ၇ နှစ်ထိ " ပြစ်ဒဏ်ကို ၁၉၅၅ ခုနှစ်၊ လက်နက် (ယာယီပြင်ဆင်ချက်) ပြင်ဆင်ချက် အက်ဥပဒေ (အမှတ် ၃၂/၅၅)ဖြင့် " ထောင်ဒဏ် ၃ နှစ်ထက်မနည်း ၇ နှစ်ထက်မပိုသော ထောင်ဒဏ် " ဆိုသည့်ပြစ်ဒဏ်ကို အစားထိုးထားသည့်အတိုင်း ဖော်ပြထားသည်။